ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၁ ၂၀၂၃ ခုနှစ် ၊ ဧပြီလ ၁ ရက်

## MACCS Online Payment System ဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် (Service Level Agreement) လက်မှတ်ရေးထိုးခြင်း




အကောက်ခွန်ဦးစီးဌာန၌ အသုံးပြုဆောင်ရွက်လျက်ရှိသော MACCS စနစ်တွင် အခွန်အရပ်ရပ် ပေးဆောင်မှုလုပ်ငန်းစဉ်များအား Online Payment ဖြင့် အသုံးပြုနိုင်ရန်အတွက် MACCS Online Payment System ဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် (Service Level Agreement) ကို ၃၁-၃-၂၀၂၃ ရက်နေ့ (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော တာဝန်ရှိသူများနှင့် ပုဂ္ဂလိကဘဏ် (၃) ဘဏ် (AYA Bank, KBZ Bank, CB Bank) မှ တာဝန်ရှိသူများ သဘောတူလက်မှတ် ရေးထိုးခဲ့ကြပါသည်။

# အရာရှိမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)
# သင်တန်းဖွင့်ပွဲ အခမ်းအနား




ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ (၂၄-၃-၂၀၂၃) ရက်နေ့မှ (၂၄-၅-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သည့် အရာရှိမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) အား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ (၂၈) ဦး တက်ရောက်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော Mobile Phone မျိုးစုံ၊ Mattress Accessories ၊ Leather Pieces ၊Rechargeable Battery Cell၊ ဂီတာ ၊ ဖုန်းမှန်မကွဲနှင့် အထွေထွေကုန်ပစ္စည်းများအား (၂၃-၃-၂၀၂၃) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၏ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး-၅ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေး အဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၇) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၃၄၃,၃၀၀,၀၀၀/-) ရရှိခဲ့ပါသည်။

# အကောက်ခွန်အရာရှိများအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေး သင်တန်းပို့ချခြင်း




၁၁-၃-၂၀၂၃ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်း၊ ရန်ကုန်မြို့၌ အကောက်ခွန်အရာရှိများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းအား ကျင်းပခဲ့ရာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယရဲမှူးကြီး မြင့်စိုးမှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်များ ဘာသာရပ်နှင့် အကောက်ခွန်မှုခင်းများနှင့် ဆက်နွယ်သော ငွေကြေးခဝါချမှုအား စုံစမ်းစစ်ဆေးခြင်းဘာသာရပ်တို့အား လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်မှ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်း ဘာသာရပ်အားလည်းကောင်း သင်ကြားပို့ချဆွေးနွေးခဲ့ပါသည်။

အဆိုပါ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းသို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ရှိ ဌာနခွဲအသီးသီးမှ အကောက်ခွန်အရာရှိ (၄၀) ဦး တို့သည် အကောက်ခွန် သင်တန်းကျောင်းခန်းမတွင် လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ နယ်မြေအသီးသီးရှိ အကောက်ခွန်အရာရှိ (၃၅) ဦးတို့သည် Online Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆၉၅.၈၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၄၅၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၁၆၉၅.၈၃၁) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၁၃.၃.၂၀၂၃) ရက်နေ့တွင် သီလဝါဘက်စုံသုံး အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (TMIT) ၌ အကောက်ခွန်လှုပ်ရှားစစ်ဆေးရေးအဖွဲ့မှ MV.TJ Harvest (GC) ကုန်တင်သင်္ဘောအား စောင့်ကြည့်၍ ID No. (100236751530) (15.3.2023) ဖြင့်တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးရာ ID တွင်ကြေညာထားခြင်းမရှိသော (Construction Material Cold Rolled Sheet In Coil) (51–CL) (360870) Kg ၊ ခန့်မှန်းတန်ဖိုးကျပ် (၇၄၂,၆၇၀,၄၆၀/–) ခန့်အား အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆၉၅.၈၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၁၄.၃.၂၀၂၃) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No. (100235313140) (27.2.2023)၊ ကုန်သေတ္တာအမှတ်၊ (SUDU 8682919)(1X40’) ဖြင့်တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးရာ ID တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသော Emergency Lamp Rechargeable (30–W) (14400–U) အပါအဝင် ကုန်ပစ္စည်း( ၅ )မျိုး၊ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော LED Street Lamp Fixture (50–W)(20–U) အပါအဝင်ကုန်ပစ္စည်း(၃)မျိုးနှင့် ID တွင်ကြေညာထားခြင်းမရှိသော LED Street Lamp Fixture (150–W) (80) U အပါအဝင် ကုန်ပစ္စည်း (၁၉) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀၉,၅၅၇,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။






# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆၉၅.၈၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







(၂-၃-၂၀၂၃) ရက်နေ့တွင် မူဆယ်-နမ့်ခမ်း ကားလမ်းဘေးရှိ တိန်းလုံကျေးရွာအနီး မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်အမှတ်၊ (SHN/4C-4588)(Tongfong) (၆ဘီး) အား မူဆယ်မြို့မရဲစခန်းမှစစ်ဆေးရာ ယာဉ်နောက်ခန်းတွင် အဖြူရောင်ပီနံအိတ်ဖြင့်ထုတ်ထားသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်အချောထည်များအား စစ်ဆေးတွေ့ရှိရသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့ပြီး အဆိုပါကုန်ပစ္စည်းများအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့စုံဖြင့် စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြင့်ပြုလုပ်ထားသည့် ပုတီးစေ့ (2598) Kg အပါအဝင်ပစ္စည်း (၁၁) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၉၄,၁၇၅,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆၉၅.၈၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု








(၂၀-၃-၂၀၂၃) ရက်နေ့တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (8J/2546) (Express) ယာဉ်အား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ Oriental စစ်ဆေးရေးဂိတ်အနီး မြို့ရှောင်လမ်းမပေါ်တွင် လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးစီးသောအဖွဲ့မှ တားဆီးစစ်ဆေးရာ သစ်ခွဲသားများတွေ့ရှိရသဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ခေါ်ယူ၍ အသေးစိတ်စစ်ဆေးခဲ့ရာ ယာဉ်၏ကိုယ်ထည်ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် ပိတောက်ဟုယူဆရသော သစ်ခွဲသားဆိုဒ်စုံ (၀.၈) တန်ခန့် အပါအဝင် သစ်ခွဲသားဆိုဒ်စုံ(၂)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၃,၅၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ်၊ (8J/2546) (Express) (1) U၊ ခန့်မှန်းတန်ဖိုးကျပ် (၂၂,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆၉၅.၈၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု

(၁၄-၃-၂၀၂၃) ရက်နေ့တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (7H-6323) (၆) ဘီး အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌စစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး (2)Kgအောက် ၊ စုစုပေါင်း(50-Kg) အပါအဝင်ပစ္စည်း(၅)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ်(၁၈၇,၉၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ်၊ (7H-6323) (၆) ဘီး၊ ခန့်မှန်းတန်ဖိုးကျပ် (၂၂,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆၉၅.၈၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု






(၁-၃-၂၀၂၃) ရက်နေ့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (9I–2677) (Express) အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် PVC Flooring (1 Roll = 22 Kg) (C/O–TH)၊ (50) Rolls၊ ခန့်မှန်းတန်ဖိုးကျပ်(၂,၉၇၀,၀၀၀/–) ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (9I–2677) (Express) (Mitsubishi–Fuso) (Model–2001) (C/O–JP)၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။